


# သက်သေခံချက်ကိုပို၍သဘာဝကျစွာမည်သို့ဝေမျှမည်နည်း

*အမှုတော်ဆောင်ခြင်းသည်သက်သေခံခြင်းဖြစ်သည်။ အမှုတော်ဆောင်ခြင်း၏ အလိုက်တသင့်ပြောင်းလဲနိုင်မှုက နည်းလမ်းတကျနှင့် ရိုးရိုးနည်းလမ်းများ၌ သက်သေခံချက်ဝေမျှရန် ကျွန်ုပ်တို့ရဲ့အခွင့်ထူးများကို တိုးတက်စေနိုင်ပါတယ်။*

“အချိန်တိုင်း၊ အရာရာတိုင်းနှင့် နေရာတိုင်း၌ ဘုရားသခင်၏သက်သေခံများအဖြစ်ရပ်တည်”ရန် ကျွန်ုပ်တို့ပဋိညာဉ်ပြုခဲ့ကြပါတယ် (မောဇိယ ၁၈း၉)။ ကျွန်ုပ်တို့၏သက်သေခံချက်များကိုဝေမျှခြင်းကသက်သေခံတစ်ယောက်အဖြစ်ရပ်တည်ခြင်းတစ်စိတ်တစ်ပိုင်းဖြစ်ပြီးတစ်စုံတစ်ယောက်ရဲ့နှလုံးသားကိုတို့ထိကာ သူတို့ရဲ့ဘဝကိုပြောင်းလဲဖို့ သန့်ရှင်းသောဝိညာဉ်တော်ကိုဖိတ်ခေါ်ရန်တန်ခိုးကြီးသောနည်းလမ်းတစ်ခုဖြစ်တယ်။

“သက်သေခံချက်—စစ်မှန်သောသက်သေခံချက်က ဝိညာဉ်တော်၌မွေးဖွားပြီးသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်အတည်ပြုကာ—အသက်တာများကိုပြောင်းလဲပေးသည်။”လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့၏ယာယီဥက္ကဌ ဥက္ကဌအမ် ရဆယ်လ် ဘဲလာ့ဒ်ကပြောခဲ့ပါတယ်။[၁]

သို့သော် ကျွန်ုပ်တို့၏သက်သေခံချက်ကိုဝေမျှခြင်းက ကျွန်ုပ်တို့ထဲမှတစ်ချို့အတွက် တုန်လှုပ်စရာ သို့မဟုတ် အနေရခက်စရာဖြစ်နိုင်ပါတယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့ သက်သေခံချက်ဝေမျှခြင်းကို အစာရှောင်ခြင်းနှင့် သက်သေခံချက်အစည်းအဝေး သို့မဟုတ် သင်ခန်းစာသင်ကြားတဲ့အခါကျွန်ုပ်တို့ပြုလုပ်တဲ့အရာအဖြစ် ကျွန်ုပ်တို့ထင်လို့ပဲဖြစ်တယ်။
ပုံမှန်စကားပြောဆိုခြင်းမှာသင့်လျော်တယ်လို့မထင်ရတဲ့ တိကျတဲ့စကားလုံးများနှင့်စကားစုများကို

ထိုနည်းလမ်းတကျအစီအစဉ်များ၌ ကျွန်ုပ်တို့မကြာခဏအသုံးပြုကြပါတယ်။

ကျွန်ုပ်တို့ရဲ့သက်သေခံချက်များကိုဝေမျှခြင်းက နေ့စဉ်လုပ်ဆောင်ချက်အစီအစဉ်များ၌ ကျွန်ုပ်တို့ ယုံကြည်သည့်အရာကိုဝေမျှရန် ဘယ်လောက်ရိုးရှင်းနိုင်လဲဆိုတာကို ကျွန်ုပ်တို့နားလည်သဘောပေါက်တဲ့အခါ ကျွန်ုပ်တို့ဘဝများနှင့် အခြားသူများရဲ့ဘဝများမှာ ပို၍ပုံမှန်ဖြစ်သောကောင်းချီးတစ်ခု ဖြစ်လာနိုင်ပါတယ်။ အောက်ပါတို့က သင်စတင်ဖို့ကူညီရန် အကြံဉာဏ်တစ်ချို့ဖြစ်ပါတယ်။

## ရိုးရိုးရှင်းရှင်းထားပါ

သက်သေခံချက်တစ်ခုက"ကျွန်တော်ရဲ့သက်သေခံချက်ကိုဝေမျှချင်ပါတယ်" ဆိုသည့်စကားစုနှင့် စတင်ရန်မလိုသလို "ယေရှုခရစ်တော်၏နာမ၌၊ အာမင်" ဖြင့်အဆုံးသတ်ဖို့လည်းမလိုပါဘူး။ သက်သေခံချက်ဆိုသည်မှာ ကျွန်ုပ်တို့မည်သည်ကို ယုံကြည်ပြီး မှန်ကန်ခြင်းသိကြောင်း ဖော်ပြချက်တစ်ခုဖြစ်တယ်။ ဒါကြောင့် လမ်းပေါ်က သင့်အိမ်နီးချင်းဆီကိုသွားကာ သူမမှာရှိနေတဲ့ ပြဿနာနှင့်ပတ်သက်ပြီး "ဘုရားသခင်က ဆုတောင်းချက်များကိုအဖြေပေးတယ်ဆိုတာကျွန်တော်သိပါတယ်"လို့ပြောတာက ဘုရားကျောင်းရှိတရားဟောစင်မြင့်မှဝေမျှသော မည်သည့်သက်သေခံချက်ကဲ့သို့ တန်ခိုးကြီးနိုင်ပါတယ်။ အစွမ်းတန်ခိုးဟာ အသေးစိတ် စီစဉ်ပြင်ဆင်ထားတဲ့ ဘာသာစကားမှလာတာမဟုတ်ပါဘူး။ အမှန်တရားကို အတည်ပြုပေးသောသန့်ရှင်းသောဝိညာဉ်တော်မှလာတာဖြစ်ပါတယ် (ဩဝါဒနှင့်ပဋိညာဉ်များ ၁၀၀း၇-၈ တွင်ကြည့်ပါ)။

## ပုံမှန်စကားပြောဆိုခြင်း၏စီးမျောမှုအလျောက်အလိုက်သင့်နေပါ

ကျွန်ုပ်တို့ဝေမျှရန်ဆန္ဒရှိပါက နေ့စဉ်စကားပြောဆိုမှုများမှာ သက်သေခံချက်ဝေမျှရန် အခွင့်ထူးများ ကျွန်ုပ်တို့ ဝန်းကျင်မှာရှိကြပါတယ်။ ဥပမာ

- တစ်စုံတစ်ယောက်ကသင့်ပိတ်ရက်အကြောင်းသင့်ကိုမေးမြန်းသည်။ "ကောင်းခဲ့တယ်" လို့ သင်ပြန်ဖြေတယ်။ "ဘုရားကျောင်းက ကျွန်တော်တကယ်လိုအပ်တဲ့အရာပဲ။"
- တစ်စုံတစ်ယောက်ကသင့်ဘဝရဲ့စိန်ခေါ်မှုတစ်ခုအကြောင်းသိပြီးနောက် "ဝမ်းနည်းပါတယ်။" လို့ပြောပြီး ကရုဏာသက်မှုကိုပြသတယ်။ သင်ပြန်ဖြေတာက "သင့်ရဲ့စိုးရိမ်ပေးမှုအတွက်ကျေးဇူးတင်ပါတယ်။ ဘုရားသခင်ကျွန်တော့်ကိုကူညီပေးမယ်ဆိုတာကျွန်တော်သိပါတယ်။ ကျွန်တော့်ရှေ့မှာသူအရင်ကလည်းရှိနှင့်နေခဲ့ပါတယ်။"
- "ဒီဆိုးရွားတဲ့ရာသီဥတုမကြာခင်ပြောင်းသွားဖို့ငါမျှော်လင့်တယ်၊" သို့မဟုတ် "ဘတ်စ်ကားကတော်တော်နောက်ကျနေပြီ၊" သို့မဟုတ် "ဒီယာဉ်အသွားအလာကိုကြည့်စမ်းပါဦး။" လို့ တစ်စုံတစ်ယောက် ဝေဖန်ပြောဆိုတယ်။ "အရာအားလုံးအဆင်ပြေအောင်ဘုရားသခင်ကူညီလိမ့်မယ်ဆိုတာ သေချာပါတယ်။"လို့ သင်တုံ့ပြန်နိုင်ပါတယ်။

## သင့်အတွေ့အကြုံများကိုဝေမျှပါ

ကျွန်ုပ်တို့ရဲ့စိန်ခေါ်မှုများအကြောင်း ကျွန်ုပ်တို့ အချင်းချင်းမကြာခဏပြောကြပါတယ်။ တစ်စုံတစ်ယောက်က သူတို့ရင်ဆိုင်နေရတဲ့အကြောင်းသင့်ကိုပြောပြတဲ့အခါ သင်ရဲ့အခက်အခဲများမှာ သင့်ကို ဘုရားသခင် ကူညီခဲ့တဲ့ အချိန်ကိုသင်ဝေမျှပြီး သူတို့ကိုလည်းသူကူညီနိုင်တာကို သင်သိကြောင်း သက်သေခံနိုင်ပါတယ်။ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ရဲ့အခက်အခဲများမှာကျွန်ုပ်တို့ကိုသူခိုင်ခံ့စေတယ်လို့ပြောခဲ့တယ်။ ဒါကြောင့် "နောင်ကာလ၌ ငါ့အတွက် သက်သေခံများအဖြစ်သင်တို့ရပ်တည်ကြပြီး ငါ ကိုယ်တော်ဘုရားရှင်သည် ငါ၏လူများအား သူတို့၏ဒုက္ခဆင်းရဲခြင်းများ၌ အကြည့်အရှုကြွလာကြောင်း သင်တို့သေချာသိစေနိုင်မည်အကြောင်းတည်း" (မောဇိုယ ၂၄း၁၄)
ကျွန်ုပ်တို့ရဲ့အခက်အခဲများ၌ကျွန်ုပ်တို့ကိုသူမည်သို့ကူညီခဲ့သည်ကို ကျွန်ုပ်တို့သက်သေခံတဲ့အခါသူ့ရဲ့သက်သေခံများအဖြစ်ကျွန်ုပ်တို့ရပ်တည်နိုင်ပါတယ်။

## ပြင်ဆင်ထားပါ

ကျွန်ုပ်တို့တစ်ချို့အတွက် ကြိုတင်ပြင်ဆင်မှုမရှိဘဲ သက်သေခံချက်ဝေမျှခြင်းက တုန်လှုပ်စရာဖြစ်နိုင်ပါတယ်။ ကျွန်ုပ်တို့ကြိုတင်ပြင်ဆင်နိုင်တဲ့နည်းလမ်းများရှိပြီး "[ကျွန်ုပ်တို့]မျှော်လင့်ခြင်း၏အကြောင်းကို [ကျွန်ုပ်တို့]ကို

မေးမြန်းသောသူရှိသမျှတို့အား ပြန်ပြောခြင်းငှါ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့” (၁ ပေတရု ၃း၁၅)။

ပထမဆုံး၊ပြင်ဆင်ထားခြင်းကကျွန်ုပ်တို့ဘယ်လိုအသက်ရှင်လဲဆိုတာကို ကြည့်ခြင်းကို ဆိုလိုနိုင်ပါတယ်။ ကျွန်ုပ်တို့ဘဝများမှာသန့်ရှင်းသောဝိညာဉ်တော်ကိုကျွန်ုပ်တို့ဖိတ်ခေါ်နေပြီး ဖြောင့်မတ်သောအသက်ရှင်ခြင်းအားဖြင့်နေ့ရက်တိုင်း ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်သက်သေခံချက်များကို ခိုင်ခံ့စေနေပါသလား။ ဆုတောင်းခြင်းနှင့် ကျမ်းစာလေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့ကို စကားပြောဖို့နှင့် ကျွန်ုပ်တို့လိုအပ်သော စကားများကို ကျွန်ုပ်တို့ကိုပေးဖို့ ဝိညာဉ်တော်ကို ကျွန်ုပ်တို့ အခွင့်ထူးများပေးနေပါသလား။ ဟိုင်ရမ် စမစ်ကို ကိုယ်တော်ရှင်အကြံပြုခဲ့သည့်အတိုင်း “ငါ၏နှုတ်ကပတ်တော်ကိုဟောပြောရန် မရှာဖွေပါနှင့်၊ သို့သော် ငါ၏နှုတ်ကပတ်တော်ကိုရရှိရန် ဦးစွာရှာဖွေပါ။ ထို့နောက် သင်၏လျှာသွက်ပါစေ။” (ဩဝါဒနှင့်ပဋိညာဉ်များ ၁၁း၂၁)။

ဒုတိယ၊ ပြင်ဆင်ထားခြင်းက ကြိုတင်ကြည့်ခြင်းနှင့် သင့်သက်သေခံချက်ကိုဝေမျှဖို့ ထိုနေ့ သို့မဟုတ် ထိုအပတ်တွင် သင့်မှာရှိနိုင်တဲ့အခွင့်ထူးများစဉ်းစားခြင်းကို ဆိုလိုနိုင်ပါတယ်။ သင်ယုံကြည်ရာကိုဝေမျှဖို့သူတို့သင့်ကိုဘယ်လိုအခွင့်ပေးမလဲဆိုတာကိုတွေးတောခြင်းအားဖြင့်ထိုအခွင့်ထူးများအတွက်သင်ပြင်ဆင်နိုင်ပါတယ်။

## ကယ်တင်ရှင်နှင့် သူ၏ဩဝါဒအပေါ်ဗဟိုပြုနေပါ

“အသင်းတော်၏အသင်းသားများအဖြစ်အရာများစွာ၏သက်သေခံချက်များ ကျွန်ုပ်တို့မှာ ရှိနိုင်သော်လည်း အချင်းချင်းအဆက်မပြတ်သင်ကြားပြီး ဝေမျှဖို့ အခြေခံအမှန်တရားများ ရှိပါတယ်။”လို့ ဥက္ကဌဘဲလာ့ဒ်ကသွန်သင်ခဲ့ပါတယ်။ ဥပမာများအဖြစ် သူစာရင်းပြုခဲ့ပါတယ် “ဘုရားသခင်ကကျွန်ုပ်တို့ရဲ့အဖဖြစ်ပြီး ယေရှုကခရစ်တော်ဖြစ်ပါတယ်။ ကယ်တင်ရှင်ရဲ့အပြစ်ဖြေခြင်းအပေါ်မှာ ကယ်တင်ခြင်းအစီအစဉ်ကို ဗဟိုပြုပါတယ်။ ဂျိုးဇက်စမစ်က ယေရှုခရစ်တော်၏ ထာဝရတည်သောဧဝံဂေလိတရား၏ပြီးပြည့်စုံမှုကို မူလအတိုင်းပြန်လည်တည်ထောင်ခဲ့ကာ ကျွန်ုပ်တို့ရဲ့သက်သေခံချက်မှန်ကန်ကြောင်း မော်မုန်ကျမ်းကသက်သေခံဖြစ်တယ်။” ကျွန်ုပ်တို့ထိုနှလုံးသားမှခံစားရသောအမှန်တရားများကိုဖော်ပြတဲ့အခါ ကျွန်ုပ်တို့ပြောခဲ့တာမှန်ကန်ကြောင်းသက်သေခံဖို့ဝိညာဉ်တော်ကိုကျွန်ုပ်တို့ဖိတ်ခေါ်ပါတယ်။
“ခရစ်တော်၏ဖြူစင်သောသက်သေခံချက်ကိုမွေးဖွားတဲ့အခါ ဝိညာဉ်တော်ကိုမဟန့်တားနိုင်ပါဘူး။”၂ဟု ဥက္ကဌဘဲလာ့ဒ်ကအလေးထားပြောခဲ့ပါတယ်။

## ကယ်တင်ရှင်၏ဥပမာ

ရှမာရိပြည်တစ်လျှောက်ခရီးမှမောပန်းလာကာ ကယ်တင်ရှင်ကရေတွင်းတစ်ခုမှာနားဖို့ရပ်လိုက်ပြီး အဲ့ဒီမှာမိန်းမတစ်ယောက်ကိုဆုံတွေ့ခဲ့တယ်။ ရေတွင်းမှရေခပ်ခြင်းအကြောင်းစကားပြောဆိုမှုကိုသူစတင်ခဲ့ပါတယ်။ ဤနေ့စဉ်လုပ်ငန်းကိုအသုံးပြုကာ သူ့ကိုယုံကြည်သူများရနိုင်သော ထာဝရအသက်နှင့် အသက်ရေကိုသက်သေခံရန် အခွင့်ထူးကို ယေရှုကိုပေးရာမှာ ထိုမိန်းမကလုပ်ဆောင်ခဲ့တယ်။ (ယောဟန် ၄း၁၃-၁၅၊ ၂၅-၂၆ တွင်ကြည့်ပါ)။

## ရိုးရှင်းသောသက်သေခံချက်တစ်ခုက အသက်တာများကိုပြောင်းလဲနိုင်သည်

ဒေါက်တာနယ်လ်ဆင်ကိုခက်ခဲသောခွဲစိတ်ကုသမှုတစ်ခုပြီးနောက် မေးခွန်းတစ်ခုကိုမေးမြန်းခဲ့တဲ့ သူနာပြုတစ်ယောက်အကြောင်းကို ဥက္ကဌရဆယ် အမ် နယ်လ်ဆင်က ပြောပြခဲ့ပါတယ်။
“အခြားခွဲစိတ်ကုဆရာဝန်များနဲ့သင်ကဘာကြောင့်မတူတာလဲ။” သူမသိခဲ့တဲ့ခွဲစိတ်ကုဆရာဝန်တစ်ချို့ကဤစိတ်ဖိစီးမှုမြင့်မားသောလုပ်ငန်းစဉ်များကို သူတို့ဆောင်ရွက်တဲ့အခါ ဘာသာတရားကို ရိုသေလေးမြတ်မှုမရှိဘဲ စိတ်တိုနိုင်ပါတယ်။

ဒေါက်တာနယ်လ်ဆင်ကမည်သည့်နည်းလမ်းများဖြင့်မဆို အဖြေပေးနိုင်ပါတယ်။ သို့သော် သူက “မော်မွန်ကျမ်းကမှန်ကန်တယ်ဆိုတာကျွန်တော်သိလို့ပါ။” လို့ ရိုးရှင်းစွာတုံ့ပြန်ခဲ့ပါတယ်။

သူရဲ့အဖြေက သူနာပြုနှင့် သူမရဲ့ခင်ပွန်းကို မော်မွန်ကျမ်း လေ့လာဖို့လှုံ့ဆော်ခဲ့ပါတယ်။ ဥက္ကဌနယ်လ်ဆင်ကနောက်ပိုင်းမှာ သူနာပြုကိုနှစ်ခြင်းပေးခဲ့ပါတယ်။ ဆယ်စုနှစ်ကြာပြီးနောက်

ဘိသိတ်ခံတမန်တော်အသစ်တစ်ပါးအဖြစ် တနက်ဆီ၊ အမေရိကန်မှ ပန္နက်ညီလာခံတစ်ခုမှာ သဘာပတိအဖြစ်ဆောင်ရွက်စဉ်မှာ ဥက္ကဋ္ဌနယ်လ်ဆင်က ထိုသူနာပြုနှင့်မထင်မှတ်တဲ့ပြန်လည်တွေ့ဆုံမှုကို ဝမ်းမြောက်ခဲ့တယ်။ သူ့ရဲ့ရိုးရှင်းတဲ့သက်သေခံချက်နှင့် မော်မုန်ကျမ်း၏လွှမ်းမိုးမှုအကြောင်းပါဝင်တဲ့ သူမရဲ့စကားပြောဆိုမှုက အခြားသောလူအယောက် ၈၀ရဲ့ပြောင်းလဲမှုသို့ဦးဆောင်ရာမှာကူညီခဲ့တယ်လို့ သူမပြန်ပြောပြခဲ့တယ်။[၂]

## လုပ်ဆောင်ရန်ဖိတ်ခေါ်ချက်

သင့်ရဲ့သက်သေခံချက်ကိုဝေမျှရန်မကြောက်ပါနှင့်။ ၎င်းကသင်အမှုတော်ဆောင်သောသူများကိုကောင်းချီးပေးနိုင်ပါတယ်။ ယနေ့သင်၏သက်သေခံချက်ကိုဝေမျှရန် ဤအကြံဉာဏ်များ သို့မဟုတ် သင့်ကိုယ်ပိုင်အကြံဉာဏ်များကို သင်မည်သို့အသုံးပြုမည်နည်း။

"အမှုတော်ဆောင်ခြင်းအခြေခံမှုများ"ဆောင်းပါးများသည်အချင်းချင်းဂရုစိုက်ရန်လေ့လာဖို့ ကျွန်ုပ်တို့ကိုကူညီပေးရန်ရည်ရွယ်သည်—အလည်အပတ်သွားသည့်အချိန်များအတွင်း သတင်းစကားများအဖြစ်ဝေငှရန်မဟုတ်ပါ။ ကျွန်ုပ်တို့အစေခံသည့်သူများကိုသိလာသည်နှင့်အမျှ၊ ကျွန်ုပ်တို့၏ဂရုစိုက်မှုနှင့် ကရုဏာထားမှုတို၌ ထပ်လောင်းပြီး မည်သည့်သတင်းစကားအားသူတို့သိရန်လိုအပ်နိုင်သည်ကိုသန့်ရှင်းသော ဝိညာဉ်တော်ကကျွန်ုပ်တို့အားလှုံ့ဆော်ပေးပါလိမ့်မည်။

### သင့်အတွေ့အကြုံများကိုဝေမျှပါ

အခြားသူများကို သင်အမှုတော်ဆောင်ခဲ့သည့် သို့မဟုတ် သင့်ကို အမှုတော်ဆောင်ခဲ့သည့် သင့်အတွေ့အကြုံများကိုကျွန်ုပ်တို့ကို ပို့ပေးပါ။ liahona.lds.org သို့ဝင်ပြီး "ဆောင်းပါးတင်ပြမှု သို့မဟုတ် တုံ့ပြန်မှု" ကိုနှိပ်ပါ။

## မှတ်ချက်များ

၁။ အမ် ရဆယ်လ် ဘဲလာ့ဒ် "Pure Testimony," လီယာဟိုနာ၊ နို. ၂၀၀၄၊ ၄၀။

၂။ အမ် ရဆယ်လ် ဘဲလာ့ဒ် "Pure Testimony," ၄၁။

၃။ ဂျေဆင် ဆွင်ဆန်၌၊ "Be Ready to Explain Your Testimony Using the Book of Mormon, President Nelson Says," LDS.org ၏အသင်းတော်သတင်းကဏ္ဍ၊ ဖေ. ၆၊ ၂၀၁၈၊ news.lds.org.

© 2019 by Intellectual Reserve, Inc. မူပိုင်ခွင့်များအားလုံးယူထားပြီး။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်သည်။ အင်္ဂလိပ်စာ ခွင့်ပြုချက် ၆/၁၈။ ဘာသာပြန်ခွင့်ပြုချက် ၆/၁၈။ *Ministering Principles, March 2019* ကိုဘာသာပြန်ထားခြင်း။ Language. 15762 256